**Higher School Certificate (HSC) minimum standard**

Information for parents and carers

# အထက်တန်းပြီးဆုံးကြောင်းလက်မှတ် (HSC) ဆိုင်ရာ အနိမ့်ဆုံးစံနှုန်း

## မိဘများနှင့် အုပ်ထိန်းသူများအတွက် သတင်းအချက်အလက်များ

မိဘများနှင့် အုပ်ထိန်းသူများ ခင်ဗျား/ရှင့်

NSW ပညာရေးစံနှုန်းများ အာဏာပိုင်အဖွဲ့ (NSW Education Standards Authority (NESA)) မှ အထက်တန်းပြီးဆုံးကြောင်းလက်မှတ် (HSC) ဆိုင်ရာ အနိမ့်ဆုံးစံနှုန်းမူဝါဒကို ထုတ်ပြန်ရခြင်းမှာ NSW ရှိ ကျောင်းသားများအနေဖြင့် ၎င်းတို့၏ အထက်တန်းပြီးဆုံးကြောင်းလက်မှတ် (HSC) ကိုရရှိရန် စာပေနှင့် ဂဏန်းသင်္ချာ တတ်မြောက်မှု အနိမ့်ဆုံးစံနှုန်း ရှိ သည် ကို ထုတ်ဖော်ပြသ ခြင်း ဖြစ်သည်။

ကျောင်းသားများသည် စာဖတ်ခြင်း၊ စာရေးခြင်းနှင့် ဂဏန်းသင်္ချာတွက်ချက်ခြင်း နယ်ပယ်သုံးခုတွင် HSC အနိမ့်ဆုံး စံနှုန်းစာမေးပွဲများကို ဖြေဆိုရမည် ဖြစ်သည်။ အွန်လိုင်းစာမေးပွဲဖြေဆိုချိန် ၄၅ မိနစ်ကြာမြင့်ပြီး အောက်ပါအတိုင်း စီစဉ်ထားပါသည် -

- စာဖတ်ခြင်းဆိုင်ရာ စာမေးပွဲတွင် ရွေးချယ်စရာများထဲ မှန်ရာကို ရွေးချယ်ပေးရသည့် မေးခွန်းများကို ဖြေဆိုခြင်း
- ဂဏန်းသင်္ချာတွက်ချက်ခြင်း စာမေးပွဲတွင် ရွေးချယ်စရာများထဲ မှန်ရာကို ရွေးချယ်ပေးရသည့် မေးခွန်းများကို ဖြေဆိုခြင်း နှင့်၊
- စာဖြင့်ရေးထားသော သို့မဟုတ် မြင်တွေ့ရသည့် အရာတစ်ခုအပေါ် အခြေခံ၍ (စကားလုံး ၅၀၀ အထိ) စာရေးရသည့် စာမေးပွဲကို ဖြေဆိုခြင်း

ကျောင်းသားများသည် HSC အနိမ့်ဆုံးစံနှုန်းကိုရရှိရန် စာမေးပွဲသုံးခုလုံးတွင် အဆင့် ၃ သို့မဟုတ် အဆင့် ၄ ဖြင့် အောင်မြင်ရန် လိုအပ်သည်။ ဤစံနှုန်းကို ထုတ်ဖော်ပြသနိုင်သည့် ကျောင်းသားများသည် နေ့စဉ်ဘဝ၊ လုပ်ငန်းခွင်နှင့် ပညာဆက်လက်သင်ယူမှုတို့တွင် အသုံးပြုနိုင်သော အခြေခံ စွမ်းရည်များ ပိုင်ဆိုင်ထားသည်ဟု အဓိပ္ပာယ် ရပါသည်။

ကျောင်းသားများသည် ၁၀ တန်းမှ ၁၂ တန်း ပြီးဆုံးသည်အထိ ဤအွန်လိုင်းစာမေးပွဲများကို နှစ်စဉ်ဖြေဆိုရန် အခွင့်အလမ်းများစွာရှိသည်။ စာမေးပွဲအသီး သီးကို ထပ်မံဖြေဆိုရန် စောင့်ဆိုင်းရမည့် ကာလများရှိသည်။

ကျောင်းသားများကို HSC အနိမ့်ဆုံးစံနှုန်းပြည့်မီရန် ကျောင်းမှ ပံ့ပိုးပေးပါမည်။ ကျောင်းတွင် လေ့ကျင့်ရန်မေးခွန်းများကို ရရှိနိုင်ပြီး NESA ဝဘ်ဆိုဒ်တွင် အွန်လိုင်း မေးခွန်းနမူနာများ ရှိပါသည် - https://educationstandards.nsw.edu.au/wps/portal/nesa/11-12/hsc/hsc-minimum-standard/online-tests

ပိုမိုသိရှိလိုပါက ကျောင်းသို့ ဆက်သွယ်ပါ။

သင့်ကလေးတွင် နောက်ထပ်လိုအပ်ချက်များရှိနေပြီး HSC အနိမ့်ဆုံး စံနှုန်း စာမေးပွဲများ ဆိုင်ရာ ဖြည့်စွက် ပြဋ္ဌာန်း ချက်များနှင့်ကိုက်ညီမည်ဟု ယုံကြည်ပါ က ကျေးဇူးပြု၍ အောက်တွင် ဖော်ပြထားသော ကျောင်းမှ ဆက်သွယ်ရမည့်သူထံ ဖုန်းခေါ်ဆိုပါ။

ကျောင်းမှဆက်သွယ်ရမည့်သူ၏ အမည် -

ကျောင်းမှဆက်သွယ်ရမည့်သူ၏ ဖုန်းနံပါတ် -

လေးစားမှုဖြင့်

ကျောင်းအုပ်ကြီး

ကျောင်းအမည်

### တယ်လီဖုန်းစကားပြန်ဝန်ဆောင်မှု

ကျောင်းသို့ ဆက်သွယ်ရာတွင် အကူအညီပေးရန် စကားပြန်တစ်ဦး လိုအပ်ပါက ကျေးဇူးပြု၍ တယ်လီဖုန်းစကားပြန်ဝန်ဆောင်မှု၏ ဖုန်းနံပါတ် 131 450 သို့ ဖုန်းခေါ်ဆိုပြီး သင့်ဘာသာစကားဖြင့် စကားပြန်တစ်ဦးကို တောင်းခံပါ။ ဤဝန်ဆောင်မှုအတွက် အခကြေးငွေ ကောက်ခံမည် မဟုတ်ပါ။